## သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)

## လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုသင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း

၁။ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ဖွံ့ဖြိုးမှုပညာမဟာဘွဲ့၊ **Master of Development Studies (MDevS)** နှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှု ပညာမဟာဘွဲ့၊ **Master of Financial Management (MFM)** တို့၏ First Batch သင်တန်းများကို **Online** ဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်၍ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။

၂။ အဆိုပါမဟာဘွဲ့သင်တန်းများအတွက် အောက်ပါအရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရပြီးသူဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခုတက်ရောက်နေသူ မဖြစ်စေရ။

(ဂ) ဝန်ထမ်းဖြစ်ပါက သင်တန်းသို့တက်ရောက်ခွင့်ပြုကြောင်း သက်ဆိုင်ရာဌာနအကြီးအကဲ၏ ထောက်ခံစာ ပါရမည်။

(ဃ) သတ်မှတ်ထားသော သင်ရိုးနှင့်အညီ အချိန်ပြည့်မီစွာ တက်ရောက်နိုင်သူဖြစ်ရမည်။

(င) Online သင်တန်းဖြစ်သည့်အတွက် လိုအပ်သော နည်းပညာများ ကောင်းစွာအသုံးပြုနိုင်သူ ဖြစ်ရမည်။

(စ) သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)က ကျင်းပသည့် ဝင်ခွင့်စာမေးပွဲကို ဖြေဆိုအောင်မြင်ရမည်။

**မှတ်ချက်။** သက်ဆိုင်ရာလုပ်ငန်းနယ်ပယ်၌ အနည်းဆုံး လုပ်သက်(၃)နှစ်ရှိပြီး အရည်အသွေးပြည့်မီသူများကို ဦးစားပေးရွေးချယ်သွားမည်။

၃။ သင်တန်းနှင့် သက်ဆိုင်သော လျှောက်လွှာပုံစံများကို မိမိလျှောက်ထားလိုသည့် သင်တန်း၏ Online မှဖြစ်စေ၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)၊ သင်တန်းရေးရာဌာနမှ လူကိုယ်တိုင်ဖြစ်စေ ၁၅.၁၀.၂၀၂၅ ရက်မှ စတင်၍ ထုတ်ယူနိုင်ပြီး ၁၆.၁၁.၂၀၂၅ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။ လျှောက်ထားသည့်အခါ အောက်ဖော်ပြပါ စာရွက်စာတမ်းများ ပြည့်စုံစွာပါရှိရမည်-

(က) ဘွဲ့လက်မှတ် (သို့) ယာယီဘွဲ့ထောက်ခံစာ

(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်

(ဂ) နိုင်ငံသားစိစစ်ရေးကတ်

(ဃ) ပညာအရည်အချင်း ထောက်ခံချက်နှင့်လုပ်ငန်းအတွေ့အကြုံ လုပ်ဆောင်ချက်

(င) ပတ်(စ်)ပို့ ဓာတ်ပုံ (၄) ပုံ

**မှတ်ချက်။** ပူးတွဲပါစာရွက်စာတမ်းများသည် မူရင်းကို Scan ဖတ်ထားသော မိတ္တူများဖြစ်ပြီး Email (သို့မဟုတ်) Viber ဖြင့် ပေးပို့ရမည်။

၄။ ဝင်ခွင့်ရေးဖြေစာမေးပွဲကို ၂၂.၁၁.၂၀၂၅ရက် (စနေနေ့)တွင် နံနက် ၉ နာရီမှ ၁၂ နာရီ အထိ Online မှ ဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေအောင်စာရင်းနှင့် လူတွေ့အချိန်စာရင်းကို ၂၇.၁၁.၂၀၂၅ ရက်တွင် ထုတ်ပြန်ပါမည်။

၅။ သင်တန်းများကို အပတ်စဉ်စနေနေ့နှင့် တနင်္ဂနွေနေ့၊ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းကာလမှာ (၂)နှစ်ဖြစ်ပါသည်။

၆။ ဆက်သွယ်ရန်ဖုန်းနံပါတ်နှင့် Email အီးမေးလ်များ-

(က) MDevS သင်တန်းအတွက် ဘောဂဗေဒဌာန၊ ဖုန်း-၀၇၂-၂၀၂၃၀၂၂၊
၀၉-၇၇၈၁၈၆၇၄၈၊ Email– ecodeptucms@gmail.com
သင်တန်းရေးရာဌာန၊ ဖုန်း- ၀၉-၄၃၀၄၅၁၇၃၊ ၀၇၂-၂၀၂၃၁၀၅၊
Email- ucmsexam22@gmail.com

(ခ) MFM သင်တန်းအတွက် ဝါဏိဇ္ဇဗေဒဌာန၊ ဖုန်း-၀၉-၇၇၅၄၈၀၅၃၇၊
၀၉-၆၈၃၀၅၉၅၉၅၊ Email- commercedepartment23.ucms@gmail.com
သင်တန်းရေးရာဌာန၊ ဖုန်း- ၀၉-၄၃၀၄၅၁၇၃၊ ၀၇၂-၂၀၂၃၁၀၅၊
Email- ucmsexam22@gmail.com

၇။ အသေးစိတ်သိရှိလိုပါက http://studyonline.ucms.edu.mm နှင့် Facebook Page: University of Co-operative and Management, Sagaing တို့တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

၈။ သင်တန်းသားဦးရေ ကန့်သတ်ထားရှိပါသည်။

**ဌာနမှူး၊ သင်တန်းရေးရာဌာန**
**သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)**